မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# နိုင်ငံတွင်း၌ ခရီးသွားလာသော နိုင်ငံသားများအား ဧည့်စာရင်းမတိုင်ဟု အကြောင်းပြကာ ပြစ်မှုဆိုင်ရာဖြင့်အရေးယူခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း ထုတ်ပြန်ချက်

၁။ နအဖ စစ်အစိုးရသည် ၎င်း၏အုပ်ချုပ်မှုသက်ဆိုးရှည်စေရေးအတွက် ဥပဒေနှင့်ဆန့်ကျင်သော အမိန့်အမျိုးမျိုး ထုတ်ကာ လူထုအပေါ် မတရားဖိနှိပ်လျှက်ရှိသည်။ လူတစ်ဦးခြင်းစီတိုင်းရရှိခံစားသင့်သော အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်လျှက်ရှိသည်။ သာဓကတစ်ရပ်မှာ နိုင်ငံအတွင်း၌ နိုင်ငံသားများခရီးသွားလာသည့် ကိစ္စအပေါ် ကန့်သတ်ချုပ်ချယ်သည့်သဘောဖြင့် ဧည့်စာရင်းမတိုင်ကြားသူများအား ပြစ်မှုဆိုင်ရာဥပဒေကိုသုံး၍ ပုဒ်မ (၁၈၈) အရ ပြည်သူ့ဝန်ထမ်းကထုတ်ပြန်ထားသည့်အမိန့်ကို ဖီဆန်ကြောင်းဖြင့် အရေးယူမှုများလုပ်ဆောင်လာသည်ကို တွေ့ရသည်။

၂။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၈၈) ၏သဘောအရ ပြည်သူ့ဝန်ထမ်းဆိုသူ အုပ်ချုပ်ရေးအာဏာပိုင်အနေဖြင့် မိမိစိတ်ဆန္ဒရှိသလိုထုတ်ချင်သည့်အမိန့်ကို ထုတ်ခွင့်မရှိပါ။ အငြိမ်းစားတရားရုံးချုပ်တရားသူကြီးဦးသက်ဖေပြုစုပြီး ၁၉၉၂ ခုနှစ်တွင်ထုတ်ခဲ့သည့် "ပြစ်မှုဆိုင်ရာဥပဒေ၏သိကောင်းစရာများ" စာအုပ်တွင် **"ပြည်သူ့ဝန်ထမ်းက ပြည်သူ့အကျိုးအတွက် ထုတ်ပြန်သည့်ကြေငြာချက်သာလျှင် ဤပုဒ်မနှင့်အကြုံးဝင်သည်။"** ဟု ရှင်းလင်းဖွင့်ဆိုထားသည်။ နိုင်ငံသားများခရီးသွားလာရာတွင် ရောက်သည့်နေရာ၌ ဧည့်စာရင်းတိုင်ကြားရေးကိစ္စမှာ ပြည်သူ့ဝန်ထမ်းက ပြည်သူ့အကျိုးတွက်ထုတ်ပြန်သည့် ကြေငြာချက် ( သို့မဟုတ် ) အမိန့်ကို ဖီဆန်ခြင်းနှင့် စပ်ဆိုင်ခြင်းမရှိပါ။ ဧည့်စာရင်းမတိုင်ကြားသူများအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၈၈) နှင့် အရေးယူခြင်းမှာ ဥပဒေနှင့် လုံးဝပင်ဆန့်ကျင်လျှက်ရှိသည်။

> " ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာထားသည့်အမိန့်ကို ဖီဆန်ရုံမျှဖြင့်ပြစ်မှုမမြောက်ပေ။ ထိုသို့ဖီဆန်ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းစေခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်ခြင်း၊ နစ်နာစေခြင်းဖြစ်မှသာ ( သို့မဟုတ် ) လူ့အသက်၊ ကျန်းမာရေး၊ လုံခြုံရေးကို ဘေးဖြစ်စေမှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။ " ဟု
>
> " ဒေါ်စန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၈ မြန်မာပြည်စီရင်ထုံး" တွင် ထုံးဖွဲ့ထားသည်။

ပြည်တွင်း၌ သတ်မှတ်ပြဌာန်းထားသော တည်ဆဲဥပဒေများနှင့်အညီ လွတ်လပ်စွာခရီးသွားလာခြင်းမှာ နိုင်ငံသားတိုင်း၏ အခွင့်အရေးဖြစ်သည်။ ဤသည်မှာ လူတိုင်းရယူခံစားသင့်သော အခြေခံလူ့အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။

သို့ဖြစ်၍ ဤကဲ့သို့သော မတရားသည့်အမိန့်များထုတ်ကာ ဥပဒေနှင့်ဆန့်ကျင်ပြီး နိုင်ငံသားအပေါ်ဖိနှိပ်အုပ်ချုပ်နေမှုများအား အမြန်ဆုံးရပ်တန့်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက နအဖကို တောင်းဆိုသည်။

မလိုက်နာပါက အောက်ပါအတိုင်းလုပ်ဆောင်ကြပါရန် ပြည်တွင်းလူထုနှင့် နိုင်ငံတကာသို့တင်ပြအပ်ပါသည်။

(က) ပြည်သူလူထုအနေဖြင့် မတရားသည့်အမိန့်၊ ညွှန်ကြားချက်များကိုဂရုမထားပဲ မိမိတို့၏လွတ်လပ်မှုကိုအဆုံးရှုံးမခံဘဲ မြို့ပြဆိုင်ရာဥပဒေနှင့်အညီ ငြိမ်းချမ်းစွာခရီးသွားလာမှုများကို ရဲရဲတင်းတင်းဆက်လက်လုပ်ဆောင်ကြပါရန်၊

(ခ) အာဏာပိုင်များက ဖိနှိပ်ဖမ်းဆီးမှုများလုပ်ဆောင်လာပါက ပြည်တွင်းရှိဥပဒေပညာရှင်ကြီးများ၊ ရှေ့နေကြီးများ၏ အကူအညီကိုရယူကာ တည်ဆဲဥပဒေများနှင့် တရားရုံးစနစ်များကိုအသုံးပြု၍ ဥပဒေကြောင်းအရတိုက်ပွဲဝင်ကြပါရန်၊

(ဂ) ပြည်သူလူထု၏ လူ့အခွင့်အရေးများရရှိရေးအတွက် လှုပ်ရှားစွမ်းဆောင်လျှက်ရှိကြသော ပြည်တွင်းရှိ နိုင်ငံရေးပါတီကြီးများ၊ အင်အားစုများသည်လည်း ဥပဒေနှင့်ဆန့်ကျင်ပြီး လူထု၏အခွင့်အရေးချိုးဖေါက်ခံနေရမှုများကိုလက်ပိုက်ကြည့်မနေဘဲ ဥပဒေစိုးမိုးမှုရှိစေရေးအတွက် ဦးဆောင်လှုပ်ရှားပေးကြပါရန်၊

(ဃ) ပြည်သူလူထု၏ခရီးသွားလာမှုကို ဟန့်တားပိတ်ပင်ခြင်းသည် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများအပါအဝင် စျေးကွက်စီးပွားရေးလည်ပတ်မှုကို ထိခိုက်စေသဖြင့် ကုန်သည်ကြီးများ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည်လည်း နအဖ၏ မတရားဖိနှိပ်မှုကို ဆန့်ကျင်ကြပါရန်၊

(င) ခရီးသွားလာမှုအခြေခံအခွင့်အရေးကိုပင် ကြီးမားစွာဟန့်တားပိတ်ပင်နေသော နအဖ အား နိုင်ငံတကာအနေဖြင့် အရေးယူနိုင်ရေးနည်းလမ်းပေါင်းစုံ ရှာဖွေကူညီကြပါရန်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ　　　　　　　　နေ့စွဲ – ဩဂုတ်လ၊ (၂၉) ရက်၊ ၂၀၀၇ ခုနှစ်

**အသေးစိတ်သိလိုပါလျှင် ဆက်သွယ်ရန်** – ဦးအောင်ထူး အထွေထွေအတွင်းရေးမှူး – ဖုံး ၆၆ (၀) ၈၁ ၅၃၃ ၀၆၀၅